
mgyoe.com SAMPLE BOOK

စမ်းစမ်းနွဲ့ (သာယာဝတီ)

# စကားမပြောနဲ့တဲ့



"ဘယ်တတ်နိုင်မလဲ ကိုကိုရဲ့ ဖြူလည်း သိမှ မသိတာ"

"မသိရင် စကား သိပ်မပြောနဲ့ပေါ့ကွ ၊ မိန်းမညာကာနဲ့ လှည့်ပတ် ကွေ့ဝိုက်ပစ်လိုက်ပေါ့ကွ၊ ဒါလောက်မှ မတတ်နိုင်ဘူးလား၊ ပြော ထားသားပဲ၊ မသိရင် ဘာမှ မပြောနဲ့လို့၊ ဘာဆို ဘာစကားမှ မပြောနဲ့လို့"

# ဝမ်းဝမ်းနွဲ့ (သာယာဝတီ)

# စကားမပြောနဲ့တဲ့

စကားမပြောနဲ့တဲ့_5000Ks

9 447268 267072

mgyoe.com

mgyoe.com SAMPLE BOOK

'စကားမပြောနဲ့တဲ့' ဝတ္ထုသည်...

❑ ဆရာ'ငြိမ်းကျော်'၏ 'အေးစက်မာကျောတဲ့ အသဲနှလုံးကို အရည်ပျော်စေသတဲ့' ဝတ္ထုနှင့်အတူ 'အေးစက်မာကျောတဲ့ အသဲနှလုံးကို စကားမပြောနဲ့တဲ့' အမည်ဖြင့် ၁၉၈၄ ခုနှစ်တွင် ချယ်ရီပန်းစာပေမှ လည်းကောင်း...

❑ ဆရာ'လေးကိုတင်'၏ 'စကားတစ်ခွန်းတော့ ပြောမယ် မောင်' ဝတ္ထုနှင့်အတူ 'စကားမပြောနဲ့တဲ့ မောင်' အမည်ဖြင့် ၂၀၁၆ ခုနှစ်တွင် လင်းလွန်းခင်စာပေမှ လည်းကောင်း အသီးသီး ပူးတွဲထုတ်ဝေခဲ့သည်။

❑ ထို့အပြင် လင်းလွန်းခင်စာပေမှ ၂၀၁၉ ခုနှစ်တွင် ထုတ်ဝေခဲ့သော 'စမ်းစမ်းနွဲ့(သာယာဝတီ) နှင့် လင်းလွန်းခင်' စာအုပ်တွင်လည်း ထည့်သွင်းဖော်ပြခဲ့သည်။

❑ ထိုဝတ္ထုကိုပင် စာပေလောကနှင့် ဆက်နွယ်သော၊ မည်သည့် စုစည်းမှုများတွင်မှ ထည့်သွင်းထုတ်ဝေခြင်း မရှိသေးသော မဂ္ဂဇင်းဝတ္ထုရှည် နှစ်ပုဒ်ကို ထပ်မံ ဖြည့်စွက်လျက် ဇလပ်နီစာပေတိုက်မှ ပြန်လည် ဆန်းသစ်သည့် အနေဖြင့် ဝထမအကြိမ် ထုတ်ဝေခြင်း ဖြစ်ပါသည်။

❑ ထပ်မံ ဖြည့်စွက်ထားသော မဂ္ဂဇင်းဝတ္ထုရှည် နှစ်ပုဒ်အား အမှတ်တရ ဖြစ်စေခြင်းငှါ မူရင်း သဘင်မဂ္ဂဇင်းတွင် ပါရှိသည့် သရုပ်ဖော်ပန်းချီများအား ပြန်လည် အသုံးပြုထားပါသည်။ ထိုပန်းချီဆရာများနှင့် သက်ဆိုင်သူများထံ ဇကာင်္ဂီစာပေမှ ဆက်သွယ်ရန် လက်လှမ်းမမီပါသဖြင့် ကြိုတင် ခွင့်ပြုချက် မတောင်းနိုင်ခဲ့ခြင်းအတွက် ခွင့်ပြု၊ ခွင့်လွှတ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

❑ ထုတ်ဝေခွင့် ပြုသော ဆရာမကြီး စမ်းစမ်းနွဲ့(သာယာဝတီ)၊ ဆရာမကြီး၏ စာစုစာရင်းကို စနစ်တကျ ရှာဖွေပြုစုသည့်အပြင် စာမူများပါ စုဆောင်းပေးပါသော ဆရာမ ဖြတ်လေးမောင်၊ မူရင်း သရုပ်ဖော်ပန်းချီများအား အခေါက်ခေါက် အခါခါ မငြီးမငြင် ရှာဖွေပေးပါသော မအေးအေးမာနှင့် စာအုပ်နှင့် နွယ်ရာ၊ ဇလပ်နီစာပေနှင့် ဆက်စပ်ရာ အားလုံး... အားလုံးကို မှတ်မှတ်ရရ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။





ဇလပ်နီစာပေတိုက်

mgyoe.com

mgyoe.com SAMPLE BOOK






mgyoe.com

mgyoe.com SAMPLE BOOK

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ပထမအကြိမ် | - | ဇန်နဝါရီလ၊ ၂၀၂၃ ခုနှစ်။ |
| စကားမပြောနဲ့တဲ့ | - | စိမ်းစိမ်းနွဲ့(သာယာဝတီ) |
| မျက်နှာဖုံးပန်းချီ | - | ဗဂျီလင်းဝဏ္ဏ |
| အတွင်းသရုပ်ဖော် | - | မောင်မောင်သိုက်၊ ဇော်မင်း၊ ရှာန်ရဲထွန်း |
| အုပ်ရေ | - | ၁၀၀၀ |

ထုတ်ဝေသူ - ဦးမင်းထက်တန်၊ ထောင်ဇလပ်နီစာပေ (၀၂၇၇၄)။ အတွင်းအပြင် အဆင်နှင့် စာစစ် - ဇလပ်နီ။ ပုံနှိပ်သူ-ပုံရိပ်ရှင်ပုံနှိပ်တိုက် (၀၀၈၃၆)၊ အမှတ်(၈)၊ အိမ်ကြီးလမ်း၊ ရေကျော်၊ ပုဇွန်တောင်။ စာအုပ်ချုပ် - ငူးပွင့်မွှေး။

| | | |
|---|---|---|
| ဖြန့်ချိရေး | - | ဇလပ်နီစာပေ<br>၀၉၄၄၇၂၆၈၂၆၇ ၊ ၀၉၈၉၉၆၄၀၆၆၈<br>**www.zalatnisarpay.com** |
| တန်ဖိုး | - | ၅၀၀၀ ကျပ် |

၈၀၈.၈၄

စိမ်းစိမ်းနွဲ့(သာယာဝတီ)

စကားမပြောနဲ့တဲ့၊ စိမ်းစိမ်းနွဲ့(သာယာဝတီ)၊ - ရန်ကုန်။
ဇလပ်နီစာပေတိုက်၊ ၂၀၂၂။

စာ-၁၄၆ ၊ ၁၃.၉ × ၂၀.၇ စင်တီ

(၁) စကားမပြောနဲ့တဲ့၊


mgyoe.com


mgyoe.com SAMPLE BOOK

## မာတိကာ


၁။ စကားမပြောနဲ့တဲ့ ၅
၂။ ငါယောက်ျား ၉၆
၃။ ဤမာန ၁၂၂



mgyoe.com



mgyoe.com
SAMPLE BOOK
mgyoe.com



mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# (၁)

တပိုင်းပြတ် အိပ်မက်များ ကစဥ့်ကလျား စဉ်ထွက်ကုန်သည်။ မွန်းကျပ်ခဲယဥ်းစွာ အသက်ရှူနေရခြင်းကို အဦးဆုံး သိ၏။ လေးလံသော မျက်ခွံများကို ပင်ပန်းကြီးလှစွာ အားယူဖွင့်ကြည့်သည်။

လှိုင်းထနေသော အဖြူရိပ်များတွင် လဝန်း၏ အလင်းတန်းသည် တရိပ်ရိပ် ရွေ့လျားနေသည်သို့ ထင်ရ၏။

မျက်နှာကြက်ဖြူဖြူကို အပီအပြင် မြင်ရသည့်အခါ မျက်နှာတည့်တည့်ပေါ် ကျရောက်နေသည့် မီးချောင်းအပိုင်းကို စိုက်မကြည့်မိအောင် တဖက်သို့ စောင်းလှည့်မိသည်။

"သတိရပြီလား ဖြူ"

အဟုန်ပြင်းပြင်း လည်ပတ်နေသော ပန်ကာသံ တဝီဝီကို ထွင်းဖောက်လာသည့် အသံ၊ ကိုကို့အသံ။

တွန်းထိုး ခုန်ဆောင့်ထွက်လာသော နှလုံးသွေးတို့ ငယ်ထိပ်မှ လျှံကျလာသလို ခံစားရသည်။



mgyoe.com

"အသက်ရှူကျပ်လိုက်တာနော်"

တချက်မျှ ညည်းရင်း တစ်ဖက်သို့ ကိုယ်ကို ခပ်ကြမ်းကြမ်း စောင်းလှည့်ပစ်လိုက်သည်။ ဖြူ့လက်ဖျားများကို တင်းတင်း ဆုပ်နယ်ပေးနေသည့် ကိုကို့လက်ဖဝါးတွေ ပူလောင်လှပါကလား။ ဒါဆို ဖြူ့လက်ဖျားတွေကိုက ရေခဲတမျှ အေးစက်နေမည်။

"မွန်းလိုက်တာနော်… မောလှပြီ"

"စကားမပြောနဲ့လေ ဖြူ မောမယ်၊ ငြိမ်ငြိမ်ကလေး နားပြီး စိတ်ကို အေးအေးဆေးဆေး လျှော့ထား၊ ဖြူ နေသာအောင် လုပ်ပေးမယ်"

ချွေးစေးပြန်နေမည် ထင်ရသော နဖူးပြင်ကို အဝတ်နှင့် ဖွဖွ တို့သုတ်ပေးတာတွေ၊ ခေါင်းအုံးပေါ်မှာ နေသားတကျ ရှိအောင် ပြုပြင်ပေးနေတာတွေကို မသိတချက် သိတဝက် ခံစားရင်း တကိုယ်လုံး အေးခဲတုန်ခိုက်လာသည်။

ချမ်းလိုက်တာဟု အသံထွက်၍ ညည်းလိုက်မိလေသလား။

"ပန်ကာလျှော့ပေးမယ် ဖြူ နွေးအောင် လုပ်ပေးမယ်၊ အသက်မှန်မှန်လေး ရှူ စကားမပြောနဲ့"

ရှိုက်ရှိုက်သမျှ ခွန်အားကို စုစည်း၍ ခေါင်းကို ဘယ်ညာ သွက်သွက်ကြီး ခါယမ်းလိုက်မိသည်။ အကြားအာရုံကို ကြိုးစားဖျောက်ကြည့်၏။ သို့သော် ဖြူ မကြားလိုသော စကားတခွန်းကို နားမှ မဟုတ်ဘဲ သွေးထဲသားထဲက တရစ်ဝဲဝဲ ကြားနေရသည်။

'စကားမပြောနဲ့… တဲ့'

'စကားမပြောနဲ့… တဲ့'

*



mgyoe.com

mgyoe.com SAMPLE BOOK

(၂)

စကားတခွန်းမျှ မပြောဘဲ ကိုကို လုပ်ကိုင်နေသမျှကို ရင်တမမ ကြည့်နေရသည်။

လုံးချင်းဝတ္ထုစာမူဟု သိရသော လယ်ဂျာစာအုပ်အရွယ် ကတ်ထူစာအုပ်ကြီး ကိုးအုပ်ကို နောက်ဆုံးအကြိမ် စစ်ဆေးနေခြင်း ဖြစ်လေသည်။

ဝါကျတကြောင်းချင်း အသေးစိတ် ဖတ်ရှုကာ ခဲတံဖြင့် စိတ်ရှည် လက်ရှည် အမှတ်အသား ပြုသည်။

လက်ရေးစာမူဘဝမှ လက်နှိပ်စက်လေး ကော်ပီပွားကာ ကတ်ထူဖုံးဖြင့် စာအုပ်ချုပ် ပြီးသည်အထိ အကြိမ်ကြိမ် အထပ်ထပ် ဖတ်ရှုစစ်ဆေး၍ မဆုံးနိုင်။ စေ့စပ်သေချာသော ကိုကို့စရိုက်ကို သည်လုပ်ငန်း စမိမှ ဖြူ တအံ့တသြ သတိထားမိတော့သည်။

"ဒီမှာကြည့်စမ်း ဖြူ"

ကတ်ထူ စာအုပ်ရှည်ကြီး တအုပ်ကို ဖြူ့ရှေ့သို့ ထိုးပြရင်း ကိုကိုက ပြုံးခနဲ့နဲ့နှင့် ဖြူ့ကို စိန်းစိန်းဝါးဝါး ကြည့်သည်။



mgyoe.com

SAMPLE BOOK

ရှက်တယ်ကွယ်။ သို့သော် ကိုယ့်ယောကျ်ားရဲ့ အကြည့်စူးစူးကြောင့် မဟုတ်တာလည်း သေချာလှသည်။

"လက္ကွယ်ည ဆယ့်လေးနာရီ"

"ယမင်းဖြူသွယ်"

ရုတ်ခြည်းပင် ဖတ်နေသော စာလုံးများ ဝေဝါးလာသည်။ မျက်လုံးတွေ ပြာလာပြီး မျက်နှာတပြင်လုံး ထူပူကာ အခိုးအလျှံတွေနှင့် မွှန်နေသလို ခံစားရသည်။ ပြီး အထစ်ထစ် အငေါ့ငေါ့နှင့် -

"ယမင်း... ယမင်းဖြူသွယ်"

"အေး... လှတယ်နော် နာမည်က၊ ဖြူ သဘောကျတယ် မဟုတ်လား"

အမှတ်မထင် ခေါင်းညိတ်လိုက်ပြီးမှ မလုံမလဲစိတ်နှင့် ကယောင်ကတမ်း ခေါင်းခါရင်း -

"ဖြစ်... ဖြစ်ပါ့မလား ကိုကိုရယ်"

"ဖြစ်တာပေါ့ကွာ၊ သိပ်ကို ဖြစ်တာပေါ့"

ကိုကိုက စာအုပ်တွေကို ဆွဲထပ်ပြီး စားပွဲထောင့်သို့ တွန်းပို့လိုက်ကာ ဆေးလိပ်ပြာခွက်ကို ဆွဲယူသည်။ အံဆွဲတွင်းမှ ရွှေခြူးဆေးလိပ်ဖက်ဖြူဖြူ တလိပ် ရွေးထုတ်လိုက်ပြီး အေးဆေးစွာ မီးညှိနေသည်ကို ကြည့်ရင်း ဖြူမှာသာ ရင်တွေ ခုန်နေရလေသည်။

'ယမင်းဖြူသွယ်' တဲ့။

*

သမီးကို သတိရသည်။

သမီးကလေး 'ယမင်းခင်'ထံမှ မနေ့ကပင် စာတစောင် ရခဲ့သေးသည်။ ကိုးတန်းစာမေးပွဲကို လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ကြောင်း၊ တကျောင်းလုံးမှာ ပထမရကြောင်း၊ ကောလင်းမြို့နယ် ပညာရည်ချွန် ဆုပေးပွဲကို ဖေဖေ အောင်ရော မေမေပါ လာနိုင်မည် ဆိုလျှင် စာအတော်ဆုံး ကျောင်းသူတယောက်


mgyoe.com

mgyoe.com SAMPLE BOOK

အနေနှင့်သာမက ကံအကောင်းဆုံး ကလေးတယောက်အဖြစ် အပျော်တကာ့ အပျော်ဆုံး ဖြစ်ရပါမည်တဲ့။

စကားတတ်လိုက်ပါသည့် သမီးကလေး ယမင်းပါ။ လိမ္မာရေးခြား ရှိလိုက်ပါသည့် သမီးကလေး ယမင်း။

ထောင်းခနဲ ဝေ့ဝဲလာသော ဆေးလိပ်နံ့ကြောင့် အတွေးစတွေ ပြယ်ကာ ကိုကို့ကို ဖျတ်ခနဲ လှမ်းကြည့်မိသည်။ ဖြူ့မျက်နှာဆီသို့ တမင် မှုတ်ထုတ်နေသော မီးခိုးများကို တည့်တည့်ကြီး ရှိုက်မိသဖြင့် ငယ်ထိပ်မွှန်ကာ မျက်ခမ်းများ ကျိန်းစပ်လာ၏။ ဒါတခုတော့ ဖြူ့စိတ်ထဲမှာ ကွက်ခနဲ ညိုမိသည်။

ဆေးလိပ်နံ့ကို ဖြူ မခံနိုင်မှန်း၊ မနှစ်မြို့မှန်း သိလျက်နှင့် သည်လိုပင် မထီတရီ စနေကျ။

ကျီစယ် နောက်ပြောင်သည် မှန်သော်လည်း ဖြူ့ကို လူတယောက် အဆင့်မျှလောက်ပင် အဖိုးမထားတော့သလိုမျိုး၊ ခွေးကလေး ကြောင်ကလေးကို စသလိုမျိုး မထီတရီ ဆက်ဆံတတ်သည်မှာ ကိုကို့သဘာဝ။

ကြာတော့လည်း ကိုကို့သဘာဝကို ယောကျ်ားတို့သဘာဝ ဟူ၍ပင် မှတ်ယူလိုက်တော့ပြီ။ သည်းခံခွင့်လွှတ်ခြင်း၊ ပြုသမျှ နုရခြင်းသာ မိန်းမတို့ သဘာဝပါပဲ ဟု အကြွင်းမဲ့ ခံယူတတ်လာသည်။

"ကလောင်နာမည်မှာ ဖြူ့နာမည် အရင်းထဲက ဖြူ ဆိုတဲ့ စာလုံး တလုံးလည်း ပါအောင် စဉ်းစားလိုက်ရတာကွာ ခေါင်းကို ပူနေတာပဲ၊ နောက်မှ သမီးလေး ယမင်းကို သွားသတိရပြီး သမီးရဲ့ နာမည်နဲ့ တွဲစပ်ပေးလိုက်တာ၊ ဒီခေတ်မှာ လူ စိတ်ဝင်စားအောင် နာမည်မှည့်ဖို့ နှစ်နည်းပဲ ရှိတယ်၊ နာမည်ဆိုတာ ထူးခြားမှု ရှိရမယ်၊ အဲဒီထူးခြားတဲ့ ရွေးစရာ နှစ်လမ်းမှာ ပထမနည်းလမ်းက အနုအလှနဲ့ သမုဒယ ဖြစ်ချင်စရာ နာမည်မျိုး၊ ဒုတိယ နည်းလမ်းက အားမာန်အပြည့် ပါပြီး ထက်ထက်မြက်မြက် စကြဝဠာ တခုလုံးကို ဖောက်ထွက်တော့မယ် ထင်ရတဲ့ နာမည်မျိုး"

ဖြူက ကျိန်းစပ်နေသော မျက်လုံးများကို လက်ဖမိုးဖြင့် ပွတ်ရင်း ထုံးစံအတိုင်း ခေါင်းညိတ်သည်။

"ဖြူ့နာမည်က ပထမနည်းလမ်းနဲ့အညီ ရွေးချယ်ဖန်ဆင်းလိုက်တာလေ၊ အမည်သညာ ခေါ်စရာကား စာရေးဆရာမ ယမင်းဖြူသွယ်၊ စာရေးသက် အနှစ်


mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ဆယ်၊ ဆယ်စုနှစ် နှစ်ခေတ်ကျော် ရှည်စေသော်...”

ကိုကိုက ပုရောဟိတ်လေသံဖြင့် ရွတ်ရင်း ဖြူ့ခေါင်းကို လက်ဖြင့် ခပ်ဆတ်ဆတ်ကလေး လှမ်းပုတ်သည်။ ဖြူသည် ရှေ့သို့ အနည်းငယ် စိုက်ယွန်းကျသွားပြီးမှ မျက်လွှာကို အသာပင့်၍ ကိုကို့ကို မဝံ့တဝံ့ ကြည့်ရင်း –

“ဒါဆို နောက် အနှစ်နှစ်ဆယ်ကျော်ရင် ဖြူက သေရတော့မှာလား”

“ဗူး... မိန်းမရေ၊ ကလောင်နာမည်ကို ပြောတာဟ၊ ကလောင် တချောင်းဟာ အနှစ်နှစ်ဆယ်လောက် ထိန်းထားနိုင်ရင် လွန်ရောကျွံရောဟ၊ ဘာပဲဖြစ်ဖြစ်



mgyoe.com

mgyoe.com SAMPLE BOOK

ဆယ်စုနှစ် တခေတ်လောက် လုပ်ကိုင်စားနိုင်သွားရင် ကျေနပ်ပြီ၊ အဲသလောက် သက်တမ်းရှည်အောင်လည်း အတော်ကို ကြံရည်ဖန်ရည် ကောင်းမှ၊ အင်မတန်မှ အနေအထိုင်တတ်မှ ခင်ဗျာရေ"

နားမှာ ကြားနေရသော ကိုကို့စကားတွေကို ဖြူ ကောင်းစွာ နားမလည်။ နှုတ်ခမ်းမှာ ချိတ်ထားသော ဆေးလိပ်ကို ဖြုတ်ကာ ပြာခွက်ထဲသို့ ဂရုတစိုက် ထည့်သည်ကို ငေးကြည့်နေမိသည်။ စားပွဲထောင့်မှ ဝတ္ထုစာမူ ကတ်ထူအုပ်ကြီးများကို ဆွဲယူပြီး ဖြူ့ကို တစ်အုပ်ချင်း ပြသည်။

"ဒါ ပထမဆုံး ထုတ်မယ့်ဝတ္ထု၊ လကွယ်ည ဆယ့်လေးနာရီတဲ့၊ ဟော ဒါက ဒုတိယထုတ်မယ့် 'ချစ်ပါးပြင်နှင်းဆီဖူးတွေနဲ့'၊ ဟောဒီနောက် တအုပ်က 'မိုးနဲ့ မြေကြီး တချိန်ချိန်မှာ'တဲ့၊ အားလုံး သုံးအုပ်၊ မနက်ဖြန် တကြိမ်တည်း စာပေ စိစစ်ရေးကို တင်ရမယ်"

"ဝတ္ထု နာမည်လေးတွေက ကောင်းသားပဲ နော်"

"မင်း ယောကျ်ား လက်စွမ်းတွေပေါ့ မိန်းမရာ၊ ဝတ္ထုခေါင်းစဉ်တွေရော၊ ဇာတ်ကောင် နာမည်တွေရော အားလုံး ပြောင်းပစ်တယ်"

"အရေးအသားကိုလည်း 'ဟန်' တခု ထွက်လာအောင် ပြင်ထားတယ်၊ 'ပါချေသည်' ဆိုတဲ့ စကားလုံးကို သိသိသာသာလေး သုံးပေးထားတယ်၊ ဒါမှ အသားကျနေတဲ့လက် ဖြစ်ကြောင်း ယုံမှားဖွယ် မရှိနိုင်ဘူးပေါ့ကွာ၊ ကော်ပီက နေရာအနှံ့ 'ကောက်'ထားရတာ ဆိုတော့ အရေးအသားရော အကြောင်းအရာပါ ကွာနေတယ် မဟုတ်လား"

"ကြည့်... ဒီသုံးအုပ် ဆိုရင် တလိုင်းစီ၊ ပထမ တအုပ်က လျှို့ဝှက်ဇာတ် လမ်း၊ ဟောဒီချစ်ပါးပြင်က အချစ်သန့်သန့်၊ ဒီမိုးနဲ့ မြေကတော့ လူတန်းစား အခြေ ခံ... အဲ... အဲ သရုပ်ဖော် ဆိုပါတော့ကွာ၊ ဒါပေမဲ့ ရေးဟန်ကို တပုံစံတည်း ဖြစ် အောင် ကိုကို ညှိထားတယ်၊ 'ပါချေသည်' ဆိုတဲ့ စကားလုံးကိုလည်း ဝတ္ထုတိုင်းမှာ သိသိသာသာ သုံးထားတော့ ဒါတွေဟာ ယမင်းဖြူသွယ်ရဲ့ ကိုယ်ပိုင်ဖြစ်ကြောင်း ပိုပြီး ထင်ရှားစေတာပေါ့"

"ကဲ... ဒါတွေလည်း ဖြူ နားမလည်ပါဘူး ကိုကိုရယ်၊ အဟင်း... ရှက် တော့ ရှက်စရာကြီးနော်"

တကယ်ပင် ဝတ္ထုစာမူ ကတ်ထူအုပ်ကြီးတွေကို ဖြူ ရဲရဲမကြည့်ဝံ့။ ကိုကို့


mgyoe.com

mgyoe.com

မျက်လုံးများကိုလည်း ကြာကြာ ရင်မဆိုင်ဝံ့။ လိပ်ပြာ မလုံခြုံခြင်းဖြင့် စိတ်လှုပ်ရှား နေသည်။ ကိုကိုကတော့ ပကတိ တည်ငြိမ်စွာ။

"ရှက်စရာ မလိုပါဘူး၊ တစုံတယောက်ကို နစ်နာအောင် လုပ်တဲ့ကိစ္စမှ မဟုတ်ဘဲ၊ ဒီစာမူအားလုံး တန်ရာတန်ကြေးထက် ပိုပေးထားတာ၊ ကော်ပီရေးတဲ့ လူတွေက တပုဒ် သုံးရာပဲ တောင်းတယ်၊ ကိုကိုက ငါးရာ ပေးထားတယ်၊ နှစ်ဦး နှစ်ဖက် ကံစပ်ဖို့ လိုတယ် ဆိုတာလည်း ပြောလိုက်တယ်၊ မဟုတ်တရုတ်တွေ၊ ကပျစ်ကညစ်တွေ လုပ်လာမှာစိုးလို့၊ အရေးကြီးတာက နှုတ်လုံဖို့ပဲ၊ နှစ်ဖက်စလုံးက နှုတ်လုံမှ ရေရှည်စားရမှာ၊ ကိုယ်တို့ နစ်နာတာနဲ့အမျှ သူတို့လည်း ဘဝပျက်မှာ"

"ဘာဖြစ်လို့လဲဟင်၊ ဖြူတော့ နားမလည်နိုင်အောင်ပဲ"

"ဖြူ နားလည်ဖို့လည်း မလိုပါဘူးလေ၊ ကိုကို လုပ်ရမှာတွေပဲ၊ ဖြူ လုပ်ရ မှာက ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး နှုတ်လုံဖို့၊ နှုတ်လုံဖို့ ဆိုတာက ကိုကိုနဲ့ ဖြူနဲ့ နှစ် ယောက်က လွဲပြီး ဘယ်သူ တစုံတယောက်မှ အသိမခံစတမ်း"

"အင်းပါ ကိုကို၊ ဒီကိစ္စမှာ ကိုကို သိသလောက်ပဲ ဖြူ မသိပါဘူး"

"အားလုံး သိဖို့လည်း မလိုဘူးလေ၊ သိလည်း မသိချင်နဲ့၊ ကိုကိုဘာသာ ကြည့်လုပ်သွားမယ်၊ ဖြူ အေးအေးဆေးဆေးသာ နေ၊ ဘာစကား တခွန်းမှ မပြော နဲ့"

"မပြောပါဘူး ကိုကိုရယ်၊ ပြောလည်း မပြောတတ်ပါဘူး၊ ဟို... တခုပဲ ရှိတယ် ပြောချင်တာ"

ဖြူ့မျက်နှာဆီသို့ ကိုကို့မျက်လုံးများ စွေ့ခနဲ ရောက်လာသည်။ ဖြူက ရင်မဆိုင်ဝံ့စွာ မျက်လွှာစိုက်ချပစ်လိုက်ကာ အသံတိမ်တိမ်နှင့် -

"နာမည်နဲ့ လူနဲ့ လိုက်မှ လိုက်ရဲ့လားလို့ ဖြူ တွေးနေတာ"

တအား အော်ရယ်လိုက်သော ကိုကို့အသံက လိပ်ပြာငယ်နေသူ ဖြူ့ကို ပိုပြီး ချောက်ချားစေသည်။ ကိုကို စိန်းစိန်းစိုက်ကြည့်နေမည်ကို အလိုလို သိနေကာ အနေရ ခက်လည်း ခက်၊ ရှက်လည်း ရှက်။

"ဖြူဖြူခင် ဆိုတဲ့ မိန်းမတယောက်က ဖြူသွယ် ဖြစ်လာတော့ကော ဘာဆန်းလို့လဲ မိန်းမရာ၊ ဟဲ... ဟဲ ယမင်းရုပ်ကလေးလို ဖြူဖြူသွယ်သွယ် ကလေး ပါရှင်လို့ လိုက်ပြောနေတာမှ မဟုတ်ဘဲ၊ သမီးလေးနာမည်ကို ချစ်စနိုး ယူတယ်ပေါ့၊ ဘာဖြစ်လဲ၊ ဟဲ.. ဟဲ..။


mgyoe.com

mgyoe.com

ကဲပါ၊ ထစမ်းပါဦး စာရေးဆရာမ ဒေါ်ယမင်းဖြူသွယ် ခင်ဗျာ၊ ကျွန်တော့်ကို လက်ဖက်ရည်ကလေး တကရားလောက် ဖျော်ပေးဖို့ မေတ္တာရပ်ခံ ပန်ကြားပါတယ်၊ ကြော်ငြာဖို့နဲ့ အမှာစာ ခေါ်ဖို့အတွက် မက်တာတွေ တညလုံး ထိုင်ရေးရပါဦးမယ် ခင်ဗျာ

*


mgyoe.com

mgyoe.com

SAMPLE BOOK



(၃)

စာရေးဆရာမ ယမင်းဖြူသွယ် ဖြစ်လာပြီးမှ ကျွမ်းကျင်လာတာ တခု ရှိသည်။ လက်ဖက်ရည် ဖျော်ခြင်းပင်။ ပင်လောင်း လက်ဖက်ခြောက် သန့်သန့်ကို လစ်ပတန်လက်ဖက်ဆီနှင့် သမ၍ ဖြူ ကိုယ်တိုင်ကိုယ်ကြပ် စပ်ဟပ်သည်အထိ လက်ဖက်ရည်တခွက် ဖျော်ဖို့ကိစ္စကို စိတ်လိုလက်ရ လုံးပန်းသည်။

ကိုကိုက လက်ဖက်ရည် ကြိုက်တတ်လေတော့ လက်ဝင်ချင်သလောက် ဝင်စမ်းပါစေ၊ အကောင်းဆုံး ဖြစ်အောင် ဖြူ ကြိုးစားမည်။

ပြီးတော့ လက်ဖက်ရည် ကြိုက်တတ်သော ယောကျ်ားတယောက်ကို လင်တော်ရသည်မှာ ဘယ်လောက် ကံကောင်းလိုက်ပါသလဲ။ လက်ဖက်ရည် မကြိုက်ဘဲ အရက်ကြိုက်တတ်သော ယောကျ်ားဖြစ်နေလျှင် ဘဝပျက်ရချေရဲ့။

ပိုပြီး ကံကောင်းတာ တခုက ဖြူကိုယ်တိုင် ဖျော်သည့် လက်ဖက်ရည်သာ အစပ်အဟပ် အတည့်ဆုံး၊ အကောင်းဆုံးဟု ကိုကိုက ဆိုခြင်းပင်။

ရန်ကုန်တမြို့လုံး အကောင်းဆုံးဟု ဆိုသော ဆိုင်မှန်သမျှ ဘယ်ဆိုင်မှ ဖြူ့လက်ရာကို မမီပါတဲ့။ ဒါတော့ ဟုတ်မည်။ ဖြူက ပစ္စည်းကောင်းကောင်း



mgyoe.com

mgyoe.com SAMPLE BOOK

သုံးရုံမက ကိုကို့အကြိုက်ကိုလည်း နားလည်သည်။

'ချိုပေါ့ကျ' ဟု မှာလိုက်လျှင် အကျရည်များများ၊ ပျစ်ပျစ်ခါးခါးကြီး ဖျော်ချလာတတ်သော ဆိုင်တွေကို စိတ်တိုင်းမကျ ဖြစ်ရမည်လေ။

အမှန်က လက်ဖက်ရည်ကျကျ၊ နို့စိမ်းများများ၊ သကြားအလျှင်း မထည့်ဘဲ ဆိမ့်ဆိမ့်ကျကျကလေးမှ ကိုကို သဘောကျတတ်သည်။

*ယောက်ျား ဆိုတာ အစားဖွယ်ရာမှ၊ စကားကြွယ်ပါမှ* တဲ့။

ဖြူက စကားမကြွယ်တတ်သည်မို့ ကိုကို့အကြိုက် လက်ဖက်ရည်ကလေး တခွက်လောက်ကိုတော့ အပေါက်အလမ်း တည့်အောင် ကြိုးစား ဖျော်ရသည်။

သည်လက်ဖက်ရည်ကလေး တခွက်ကြောင့်ပင် ကိုကို ပိုပြီး အိမ်မြဲ လာသည်လို့လည်း ကျေနပ်ချင်၏။

အထူးသဖြင့် သည်ဥတ္တလစ်ရပ်ကွက် ပြောင်းလာပြီးမှ ပိုပြီး အိမ်မြဲနေသည်။ ပတ်ဝန်းကျင်နှင့်လည်း ခပ်တန်းတန်း၊ ခပ်ကင်းကင်းနေသည်။ အိမ်နီးနားချင်းတွေကိုပင် မေးထူးခေါ်ပြောမျှသာ အဆက်အဆံပြုသည်။ အလျင်တုန်းက ပေါင်းဟောင်းသင်းဟောင်းတွေ၊ ကန်တော်ကလေးမှာ နေစဉ်က တရုန်းရုန်း ဝင်ထွက်နေသော မိတ်ဟောင်းဆွေဟောင်းတွေကို သည်အိမ်သို့ ပါမလာရအောင် အထူး ဆင်ခြင်သည်။

ဟိုတုန်းကတော့ ကိုကို့လောက် အပေါင်းအသင်းများသူ ရှိမည် မထင်။

ပန်းချီဆရာ တပိုင်း၊ ဘလောက်ဆရာ တပိုင်း၊ ထုတ်ဝေသူ တပိုင်းအဖြစ် စာပေလောက တောက်တိုမည်ရ ကိစ္စများကို ကျပန်းလုပ်ခဲ့ရသော ကိုကို့မှာ ပေါင်းသင်းဆက်ဆံရေးအတွက် စည်းကမ်းကလနား မရှိနိုင်ခဲ့။ လူမျိုးပေါင်းစုံနှင့် ပေါင်း၍ နေရာတကာမှာ စပ်စပ် စပ်စပ် ဝင်ရောလေ့ ရှိသော ကိုကို့အနေအထားမှာ ဖြူ စိတ်မောခဲ့ရသည်မှာ ကြာပြီ။

လက်ထပ်ပြီးမှလည်း ကိုကို့ကို ဖြူ အလုံးစုံ နားလည်ခဲ့ရသူ ဖြစ်သည်။

အစကတော့ ကိုကို့ကို စာပေထုတ်ဝေသူတဦးအဖြစ် အထင်တကြီး စိတ်ဝင်စားခဲ့မိသည်။ ယခုတော့...။

*


mgyoe.com

mgyoe.com SAMPLE BOOK

'လွမ်းမျိုးတရာ'စာပေတိုက်သည် နာမည်ကျော် စာရေးဆရာများ၏ ဝတ္ထုများ လစဉ် ထုတ်ဝေနေသော နာမည်ကြီး စာအုပ်တိုက်အဖြစ် ဖြူ သတိပြုမိသည်။

'ဦးလွမ်းအောင်(လွမ်းမျိုးတရာစာပေ) ထုတ်ဝေခွင့် မှတ်ပုံတင် အမှတ် ၀၄၃၀က တာဝန်ခံ ထုတ်ဝေသည်'

မျက်မှန်းတန်းမိပြီး ဖြူ့ခေါင်းထဲမှာ အလွတ်ရနေသော စာပိုဒ်များက ဖြူ့အထင်ကြီးစိတ်ကို တစိမ့်စိမ့် လှုံ့ဆော်ပေးနေသည်။

ထိုစဉ်က ဖြူဖြူခင်သည် မုဆိုးမ ပူပူနွေးနွေးကလေး။

ရှေ့တန်း တနေရာတွင် တိုင်းပြည်အတွက် အသက်ပေးလှူသွားသော ခင်ပွန်းသည် ဒုအရာခံဗိုလ်၏ ကျေးဇူးတရားဖြင့် ကောလင်းမြို့နယ်မှာ သတင်းစာကိုယ်စားလှယ် ရခဲ့သည်။

ဘဝမှာ ဘာတခုမျှ ရှေ့က မားမားမတ်မတ် ဦးဆောင်ဦးရွက်ပြု၍ ရင်မဆိုင်ခဲ့ဖူးသော ဖြူသည် သတင်းစာကိုယ်စားလှယ် အလုပ်ကိုလည်း ဖိဖိစီးစီး မလုပ်တတ်။ တဆင့် လွှဲပေးထားပြီး ရထားသည့် ကရဏာကြေး၊ ချီးမြှင့်ငွေ အပါအဝင် ထောက်ပံ့ကြေး အရပ်ရပ်ကို ကျစ်ကျစ်ပါအောင် ထုပ်ကာ ယောက်မထံ မှီခိုနေခဲ့သည်။

ယောက်မလည်း ဟုတ်၊ အဒေါ် တဝမ်းကွဲဟုလည်း ဆိုနိုင်သော မမသောင်းကား စီးပွားရေး အခြေခိုင်နေပြီ ဖြစ်သော တကိုယ်တည်း အပျိုကြီး ဖြစ်လေသည်။ ကောလင်း ဈေးကြီးထဲမှာ ရှမ်းရိုးရာစားသောက်ကုန် ပစ္စည်းများ အကြီးအကျယ် ရောင်းချသည်။ တို့ဟူးခြောက်၊ တို့ဟူးချဉ်၊ စွန်တန်ခြောက်၊ မုန်ညင်းချဉ်၊ ပဲပုပ်၊ မျှစ်စိုခြောက်၊ ခေါပုပ် စသည့် စားသောက်ကုန်များကို အတွင်ကျယ်ဆုံး ရောင်းရသော ဆိုင်အဖြစ် ကောလင်းမှာ နာမည်ကြီး။

စီးပွားရေးတောင့်တင်းနေသူ မမသောင်းအနေနှင့် ဆွေရိပ်မျိုးရိပ် မကင်းသူ မုန်သမျှ တဝမ်းတခါးအတွက် ရပ်တည်ရာမရလျှင် လာသာ လာခဲ့ဟု ဟောဟော ဗိုင်းဗိုင်း ဖိတ်ခေါ်နေသူ ဖြစ်သည်။ ဆိုင်မှာ တောက်တိုမည်ရ ဝိုင်းလုပ်စေပြီး ထမင်းကျွေး၊ အဝတ်ဆင်ရုံမက မုန့်ဖိုးပဲဖိုး ပေးသေး၏။ အပျိုကြီးပီပီ ဇီဇာကြောင်ကာ ပစိပစပ် နည်းနည်းများချင်တာကလေးတွေကိုသာ သည်းခံနိုင်လျှင် မမ


mgyoe.com

mgyoe.com SAMPLE BOOK

သောင်းထဲမှာ တဝမ်းတခါးအတွက်သာမက ပညာရေးအတွက်၊ အနာဂတ်ရေးအတွက်ပင် အကောင်းဆုံး ခြေကုပ်စခန်း ဖြစ်သည်။

သူကိုယ်တိုင်သာ အပျိုကြီးဘဝက မတက်ချင်သော်လည်း သူ့လူတွေနှင့် ပတ်သက်လာလျှင်တော့ စာသင်ချင်သလား၊ အိမ်ထောင်ပြုချင်သလား၊ ငွေကြေး စုမိထား၍ ကိုယ့်ဘာသာ ဆိုင်ခွဲကလေး ဖွင့်ချင်သလား ပွင့်ပွင့်လင်းလင်းသာ ပြောကြပါစေ မမသောင်းက ရက်ရက်ရောရော ကူညီမည့်သူ ဖြစ်သည်။

ဘယ်အခါ ကြည့်ကြည့်၊ မမသောင်းဆိုင်ထဲမှာ ပဲပုပ်ထောင်းရင်း၊ မုန့်ညင်းချဉ် ထည့်ရင်း ကျောင်းတက်နေသူတွေ၊ ဘဝသစ် ထူထောင်သွားသူတွေ စသည်ဖြင့် လူမှုရေး အလှုပ်အရှားတွေ ရှုပ်ယှက်ခတ်စမြဲ။

သည်လို ယောက်မမျိုးထဲမှာ အပူအပင်မဲ့စွာ၊ အငြိုအငြင်မဲ့စွာ ဖြူတို့သားအမိ နှစ်ယောက် မှီခိုနေခဲ့သည်။

မမသောင်းက သူ့နောက်ဆုံးမျိုးဆက် ဖြစ်သော တူမတော် ယမင်းခင်ကလေးကို မိခင်ဖြစ်သူထက်ပင် ချစ်မေတ္တာတွေ၊ သံယောဇဉ်တွေ ပိုချင်ပြန်တော့ လက်သာရာ ယဉ်ပါးတတ်သည့် ကလေးတို့ သဘာဝအတိုင်း သမီးကလည်း ဖြူ့ကို ကပ်လှသည် မရှိ။

မမသောင်းနှင့် အနီးကပ် ကြီးပြင်းလာပြီး မမသောင်းနှယ်ပင် စကားကြွယ်သည်၊ ပါးနပ်ချက်ချာသည်။

ဒါ တခုတော့ ဘဝမှာ ဖြူ အကျေနပ်ဆုံး ဖြစ်ရပေသည်။

'ကျေနပ်မှု'၊ 'အလိုဆန္ဒ ပြည့်ဝမှု' ဆိုသည်မှာ ဖြူ့အတွက်တော့ ရခေါ်ရခဲ ကိစ္စရပ်များဟုသာ ဆိုရမည်။

မမသောင်း၏ အစီအမံအတိုင်း အိမ်ထောင်ပြုခဲ့သည်။ မိဘမဲ့သူ၊ အမှီအခိုမဲ့သူ မိန်းကလေးတယောက် အနေနှင့် အချိန်မလင့်မီ သင့်တော်ရာနှင့် နေရာချထားချင်သည် ဆိုသော ဆန္ဒကို ငြင်းဆိုဖွယ်ရာ ဟူ၍လည်း ဖြူ မစဉ်းစားတတ်ခဲ့။

ဖြူ လက်ထပ်ရမည့်သူက ဖြူထက် ဆယ့်ရှစ်နှစ်မျှ ကြီးသော ဦးလေးတဝမ်းကွဲတော်သူ ဖြစ်နေခြင်းအတွက်လည်း နှစ်သိမ့်ကြည်နူးဖွယ်၊ ရင်ခုန်ဖွယ် မဟုတ်သည်ကို အလိုလို ခံစားရသည်။

သို့သော် ရှစ်တန်းအောင်ရုံမျှ စာသင်ခဲ့ဖူးသော၊ ဘဝရပ်တည်ရာ အတည်တကျ မရှိသော၊ နွမ်းပါးသော ဖြူလို မိန်းမငယ် တဦးအဖို့ 'လေးလေး'


mgyoe.com

mgyoe.com SAMPLE BOOK

လို ဒုအရာခံဗိုလ် တယောက်က ကမ်းလှမ်းလာသည်ကို မအပ်မရာဟု မတင်စားဝံ့ပေ။

လေးလေးနှင့်အတူ နေခဲ့သော ဆယ်နှစ်ကျော် အိမ်ထောင်ရေး ကာလမှာ ဖြူ့အတွက် ကျေနပ်ဖွယ် ဟူ၍ မခံစားမိသလို၊ မကျေနပ်ဘူး ဟူ၍လည်း မဆိုသာ။

ခံစားချက်ကင်းသော၊ အလှူပ်အခတ်မဲ့သော စိတ်နှင့်ကိုယ်သည် လေလွင့်တိမ်နှယ် မျောချင်သလို မျောခဲ့သည်လို့ပင် ထင်၏။

မမျှော်လင့်ဘဲ မုဆိုးမ ဖြစ်လာပြန်တော့လည်း ဖြူ့ဘဝကို ဖြူ အလှည့်အပြောင်း ဖြစ်လိုက်ပါပကောလို့ပင် မရိပ်စားမိ။ အသက်ရှူ နည်းနည်း ချောင်သွားသလို ထင်ရုံထင်လိုက်ရပြီး ဘဝဟောင်းကို ပြန်ရောက်လာသလိုပင် မမသောင်းထံ ခိုဝင်ခဲ့သည်။

သမီးက မမသောင်းနှင့် နှစ်ကိုယ့်တစိတ် ဖြစ်ကာ သွက်လက်ချက်ချာသော၊ ပါးနပ်လိမ္မာသော မိန်းမချောကလေးအဖြစ် လူလားမြောက်လာသည်ကိုတော့ ဖြူ တကယ် ကျေနပ်သည်။

ဖအေ၊ မအေတွေနှင့်များ စရိုက်ချင်းတူနေလျှင် အခက်၊ သိသည့်အတိုင်း လေးလေးကလည်း မထုံတက်သေး အေးတိအေးစက်၊ ဖြူကလည်း ရေခဲတုံး။

"ယမင်းကတော့ ငါ့သမီးဖြစ်နေပြီ မရွှေဖြူ၊ ငါ့သမီးကလေး ကောင်းကောင်း မွန်မွန် လူလားမြောက်ဖို့ အတွက်လည်း ငါမှာ အရာရာ စဉ်းစားပြီးသား၊ အရန်သင့်လည်း ပြည့်စုံပြီးသားလို့ ထင်တယ်၊ အဲဒီတော့ သမီးအတွက်တော့ ဘာမှ နောက်ဆံမတင်းနဲ့ သိလား အဖြူ"

ရေခဲတုံးကို မသိမသာ အပူပေးလိုက်သောစကားဟု ဖြူ မှတ်မှတ်ရရ ရှိသည်။

သည်နောက်တော့ မမသောင်းက သိသိသာသာပင် သူ့သဘောထားကို ရင်ဖွင့်လေသည်။

"အချိန်အရွယ်ရှိတုန်း အိမ်ထောင်ရေးလေး ဘာလေး စိတ်ကူးချင်ရင် ကူးနော် အဖြူ၊ ယမင်းလေးအတွက် ဘာမှ မကြောင့်ကြနဲ့၊ မမသောင်း ရှိတယ် မဟုတ်လား၊ အမယ်... မရှက်ပါနဲ့ မကြီးစာ၊ ကျုပ်က ပွင့်ပွင့်လင်းလင်း ပြောတာ၊ အဟုတ်... အဟုတ် ကိုယ်ချင်းလည်း စာလို့"


mgyoe.com

mgyoe.com SAMPLE BOOK

မရှက်ပါနဲ့ ဟု ပြောရင်း အပျိုကြီး၏ ဖွေးဥနေသော မျက်နှာပါးပြင်တို့ နီချင်ချင် ဖြစ်လာသည်ကို ဖြူ သတိထားလိုက်မိသည်။ တခဏအတွင်း နှုတ်ခမ်းများ တဆတ်ဆတ် တုန်လာပြီး စိပ်လက်စ နံ့သာဖြူပုတီးကို ဆံထုံးတွင် ပတ်လိုက်ကာ -

"အစကတော့ အိမ်ထောင်ပြုတယ် ဆိုတာ မိန်းမတယောက်အဖို့ စွန့်စားရတာပဲလို့ ထင်ပြီး အကြောက်ကြီး ကြောက်ခဲ့တာကိုး၊ အခု အရွယ်ထောက်လာတော့မှ အဖော်အလျော် မရှိဘဲ တယောက်တည်း အိုမင်းရမယ့် မိန်းမတယောက် ဘဝက ပိုပြီး ကြောက်စရာ ကောင်းတဲ့ စွန့်စားခန်းပါကလား ဆိုတာ နားလည်ရတော့တာ၊ အဲဒီတော့ တယောက်တည်း မျောက်သင်းကွဲလို မအိုချင်နဲ့ မဖြေဖြူ၊ သမီး ဆိုတာလည်း သူ့အတောင် သူ့အလက် စုံစေ့ရင် သူ လိုရာ သူ ပျံမှာပဲဟဲ့၊ အချိန်အခါရှိတုန်း အဖော်သဟဲကောင်းကို တွေ့အောင် ရှာထား"

'ရှာထား'ဟု ပြောလိုက်သော မမသောင်း၏ လေသံမှာ ဆွဲဆွဲငင်ငင် လေးလေးပင်ပင်ကြီး ဖြူ့နားထဲ ဝင်လာ၏။ သည်အဘွားကြီးတော့ ငါ့ကို စောစောစီးစီး လင်ယူစေချင်နေပြီဟု တွေးမိကာ ရင်ထဲမှာ စဉ်းစားစရာတွေနှင့် ဆို့ကျပ်လာ[illegible]သည်။

သူ့မျိုးဆက်သွေးမို့ သမီးကိုတော့ အပိုင်မွေးချင်တာ သေချာသည်။ သူ [illegible]ုံးပုံ၌ မွေးမြူစောင့်ရှောက်သွားမည်ကိုလည်း သံသယဖြစ်ဖွယ် မရှိ။ ဒါပေမဲ့ ဖြူ[illegible]ဘာ့ ပြတ်သားချင်ပုံ ရသည်။ ကာလရှည်ကြာ၍ စီးပွားဉစ္စာရေးရာတွေ ထွေးလုံးရစ်ပတ် ပေါင်းရုံးမိပြီးမှ ဖြူနှင့် ပတ်သက်ပြီး သူစိမ်းတရံဆံ တယောက် ဝင်လာမည်ကို ကြိုတင် ကြောင့်ကြဟန် ရှိသည်။

ဖြူ စဉ်းစားရတော့ပြီ။

သို့သော် မမသောင်း တိုက်တွန်းသလို အဖော်ရှာရေးကိစ္စ မဟုတ်။ ဘဝရပ်တည်ရေး၊ စီးပွားရေးကိစ္စ ဖြစ်လေသည်။

တခုခုကိုတော့ ပိုင်ပိုင်နိုင်နိုင် ကိုယ်တိုင်လုပ်မှ။ သည်တော့ သူများနှင့် မျက်နှာလွှဲကာ ဖြစ်ချင်ရာဖြစ် ပစ်စလက်ခတ်ထားခဲ့သော သတင်းစာတိုက် ကိုယ်စားလှယ် လုပ်ငန်းကို ပြန်ယူဖို့ စဉ်းစားကြည့်သည်။ သို့သော် ဒါတခုတည်းနှင့်တော့ အကျိုးအမြတ်က ပြောပလောက်အောင် မရ။ လုပ်ငန်းတခု မဖြစ်နိုင်။ အခြားစာနယ်ဇင်းတွေပါ ဖြန့်ချိရေး ကိုယ်စားလှယ် ရမှ ဖြစ်မည်။


mgyoe.com

ကောလင်းမှာ စာနယ်ဇင်းဖြန့်ချိရေးတွေ ရှိပြီးသားမို့ မိမိ ဝင်၍မှ ရနိုင်ပါ့မည်လားဟုလည်း တဖက်က မယုံမရဲ ရှိသည်။

"မခဲယဉ်းပါဘူးဗျာ၊ ရန်ကုန်က ပုဂ္ဂလိက စာအုပ်တိုက်ကြီးတွေနဲ့ အဆက်အသွယ် ယူပြီး လုပ်သွားရုံပဲဟာ၊ ဒီမှာလည်း ကိုယ့်မိတ်နဲ့ကိုယ် ရှိနေတာပဲ၊ လုပ်သင့်ပါတယ်၊ ကျွန်တော်တို့လည်း ကူညီမှာပေါ့၊ ခင်ဗျား တကယ်လုပ်တော့မယ် ဆိုရင် ကျွန်တော့်ပြော၊ ဟော... ခုတောင် ရန်ကုန်က ထုတ်ဝေသူတယောက် ကျွန်တော့်ဆီဝင်ဖို့ ချိန်းထားသေးတယ်၊ ကသာက အပြန် ဝင်မှာဆိုတော့ တရက် နှစ်ရက်အတွင်း ရောက်မယ် ထင်တယ်၊ လွမ်းမျိုးတရာ စာပေကလေ၊ ခင်ဗျား ကြားဖူးမှာပေါ့၊ စူပါစတား စာရေးဆရာ သုံးလေးယောက်ကို ပင်တိုင် ထုတ်နေတဲ့ တိုက်ဗျာ"

ဖြူ့ထံမှ သတင်းစာတွေ တဆင့်ယူဖြန့်ပေးနေသော ဖိုးသက်၏ အားပေး စကားကြောင့် ပိုမို စိတ်ဝင်စားလာပြီး -

"အေးဟယ်၊ လုပ်ဖြစ်ရင်လည်း ဖိုးသက်ပဲ အားကိုးရမှာပါ၊ ခုအတိုင်း တော့ လုပ်ဖြစ်ဖို့ပဲ များပါတယ်၊ အဲ... ဟို နင့်ညှော်သည် ဆိုတာ ရောက်လာရင် ငါ နဲ့ တွေ့ပေးပါလား၊ စကားလေးဘာလေး နည်းနည်းပါးပါး မေးစမ်းကြည့်ရအောင်"

*

တကယ့်တကယ် တွေ့ကြတော့ ဖြူက ဘာတခုမှ မေးတတ် စမ်းတတ် သည်လည်း မဟုတ်ပါချေ။

မမသောင်း ဆိုင်ထဲက မှန်ညင်းချဉ်ထည့်သော ရာဝင်အိုးကြီးတွေ ကြား မှာ လက်ဖက်ရည်ကြမ်းပိုင်း တည်ခင်းရင်း အိုးနင်း ခွက်နင်း ဧည့်ခံရသည်။

'လွမ်းမျိုးတရာ ကိုလွမ်းအောင်' ဆိုသူ၏ နွ ... ည်သန့်ပြန့်သော ဥပမိ ရုပ်ကို မဝံ့မရဲ အကဲခတ်ရင်း ပဲပုပ်စော်၊ ချဉ်ဖတ်စော် ကောင် ... ခင်နှင်း ကျဉ်းကလေးကို ဖိတ်ခေါ်မိသည့်အတွက် မျက်စိမျက်နှာ ပျက်မ ... အားနာနေ မိသည်။


mgyoe.com

စားသောက်ဆိုင် တခုခုမှာ ချိန်းလိုက်ရ အကောင်းသား။ ကောင်းကောင်း မွန်မွန် စားရင်း သောက်ရင်း အေးအေးဆေးဆေးလည်း စကားပြောရမည်။ ခုတော့ ဆိုင်အလုပ်သမားတွေ၊ ဈေးဝယ်သူတွေ ရှုပ်ယှက်ခတ်နေသော မျက်လုံးပေါင်း အရာအထောင်တွေကြားမှာ ဖြူကိုယ်တိုင်လည်း လိပ်ပြာ မလုံချင်။

"ဟဲ့... အဖြူ ညှော်သည်ကျွေးဖို့ ဆန်ခေါက်ဆွဲ ရောက်လာပြီ၊ ပဲရွက် ကလေး ရေနွေးဖျောပြီး ပြင်ကျွေးလိုက်ဦး"

မမသောင်းက ပဲပုပ်တွေ ချိန်နေရင်း လှမ်းပြောသည်။ ဆိုင်မှ ကောင် ကလေး တယောက်က ဆန်ခေါက်ဆွဲ တပွဲနှင့် ပဲရွက်စည်းကြီး တစည်းကို ကိုင်ပြီး ဖြူ့အနား ရောက်လာလေရာ ခေါင်းထဲမှာ ပူထူသွားလေသည်။

"နင်ကလည်းဟယ်၊ ဘယ်လိုကြီး လုပ်လာတာလဲ"

ကောင်ကလေးကို ကျိတ်၍ကြိမ်းရင်း ခေါက်ဆွဲပန်းကန်ကို လှမ်းယူပြီး ကိုလွမ်းအောင်ရှေ့ ချပေးလိုက်သည်။

"ဟဲ့... ဒီမှာ တပွဲ လိုသေးတယ်လေ"

"တပွဲလာမယ် မမဖြူ ရော့လေ ပဲရွက်၊ ဈေးတန်းထဲက ဝယ်လာရတာ၊ ဆိုင်က မပေးဘူးဗျ"

ဖြူ့လက်ထဲ အတင်းထိုးထည့်ပေးနေသော ပဲရွက်စည်းကို ကယောင် ကတမ်း ဆုပ်ရင်း ကြောင်ရပ်နေဆဲ ဆန်ခေါက်ဆွဲ နောက်ထပ်တပွဲနှင့် ဟင်းချိုများ ရောက်လာသည်။

"ပေးစမ်း အဖြူ ပဲရွက်၊ မုန်ညင်းပေါင်းအိုးထဲ ခဏ ထည့်လိုက်စမ်းမယ်"

မမသောင်းက ဖြူ့လက်ထဲမှ ပဲရွက်စည်းကို ဆိုးဆိုးဆတ်ဆတ် လှမ်း ဆွဲရင်း ဆိုင်တွင်းဘက်သို့ ဖျတ်ခနဲ ဝင်သွားသည်။

ဖြူသည် ပိုပြီး အနေရခက်လာ၏။ အိုးတိုးအမ်းတမ်း ကယောင်ချောက် ချား ဖြစ်နေသော မိမိကိုယ်မိမိ အားမလို အားမရလည်း ဖြစ်သည်။ ဘာကြောင့် သည်လို ဖြစ်ရသလဲ ဆိုတာလည်း မစဉ်းစားတတ်။

"ဆန်ခေါက်ဆွဲ ဆိုရင် ကျွန်တော်က ပြုတ်သုပ်မှ ကြိုက်တယ်ဗျ၊ ခင်ဗျား ကော"

ဖိုးသက်က ခေါက်ဆွဲပန်းကန်ကို တူနှစ်ချောင်းဖြင့် မွှေရင်း ကိုလွမ်းအောင် ကို လှမ်းပြောနေသည်။ ဖြူ့ရင်ထဲမှာ ထိတ်ခနဲ ပူပန်သွားကာ ကိုလွမ်းအောင်ကို



mgyoe.com

ဖျတ်ခနဲ ကြည့်မိ၏။ သူကတော့ ပင်ကိုပြုံးကလေးဖြင့် အေးဆေးစွာ ဖြူ့ကို လှမ်းကြည့်ရင်း -

"ခုလို နန်းကြီးသုပ်ဆန်ဆန် ဟင်းချိုနဲ့ ဘာနဲ့ စားရတာပဲ ကောင်းပါတယ်ဗျာ၊ အဲဒါက ပဲရွက်နဲ့လည်း ပိုပြီး လိုက်တယ် ထင်တယ်"

စကားပြောပုံဆိုပုံ လေယူလေသိမ်းက ကောင်းလိုက်တာ၊ ကက်ဆက်ဇာတ်လမ်းထဲက မင်းသားသုမောင် လေသံအတိုင်းပဲဟု ကောက်ကာငင်ကာ တွေးမိသည်။ ရုပ်ရှင်လည်း ကြည့်လေ့ကြည့်ထ မရှိ။ အခြားပွဲလမ်းသဘင်တွေလည်း မရောက်ဖူးသော ဖြူမှာ ဗဟုသုတ ဆို၍ ဘေးချင်းကပ် ဖျာဆိုင်မှ မကြာခဏ ဖွင့်တတ်သော 'ညော့သည်'ဇာတ်လမ်းခွေကို ကြားဖူးထားတာလောက်ပဲ ရှိလေရာ သုမောင် လေယူလေသိမ်းကိုတော့ နားစွဲနေသည်။ ဟုတ်ပါတယ်၊ တကယ့်ကို သုမောင် စကားပြောပုံနဲ့ တူတာ။ ဥပမိရုပ်ကလည်း -

"ကဲ... ပဲရွက်ကလေး ထည့်စားကြဦး၊ မောင်ဖိုးသက်၊ ညော့သည်ကို ထည့်ပေးပါကွယ်"

ဖြူသည် ရင်ထဲမှာ ဒိန်းခနဲ ခုန်ဆောင့်သွားရပြန်၏။ တချိန်လုံးပဲ မလုံမလဲ၊ ကစဉ့်ကရဲတွေ ဖြစ်နေရသည်။ မမသောင်းက ဖြူ့ပခုံး တဖက်ကို လက်ဖြင့် အားပြု ကိုင်ရင်း ချက်ချင်း ပြန်ထကာ -

"မီးဖိုထဲ မီးသွေး ထပ်ထည့်ဦးလေ အဖြူ၊ မီးကျနေပါပကော"

"အိုး... ဟုတ်ပါရဲ့"

ဖြူက သံညှပ်ကို ကောက်ယူပြီး မီးဖိုကို အသာလေး ဆွလိုက်သည်။ ရေနွေး ဖျောပြီး ကတ်ကြေးဖြင့် ညှပ်ထားသော ပဲရွက်များကို တူဖြင့် လှမ်းညှပ်ယူနေသည့် ကိုလွမ်းအောင် လက်ချောင်းသွယ်သွယ်ကလေးများ ဖြူ့ မြင်ကွင်းထဲ ရောက်လာသည်။ ကြည့်စမ်း၊ ဖြူလိုက်တဲ့ အသားအရေ၊ စစ်စိမ်းရောင် ဂျာကင်နဲ့ လိုက်မှလိုက်။ တသက်လုံး အစိမ်းရောင် ယူနီဖောင်း ဝတ်သွားသည့် ယောကျ်ားလေး တယောက်ကို ခုမှ ဖျတ်ခနဲ သတိရသည်။ သမီးရဲ့ အဖေ။ ယမင်းရဲ့ အဖေ။ လေးလေး။

လေးလေးကိုတော့ အစိမ်းရောင် ယူနီဖောင်းနှင့် လိုက်ဖက်ညီ၊ မညီကို မစဉ်းစားမိခဲ့ပေ။ ခံလည်း မခံစားမိခဲ့။ စဉ်းစားရစကောင်း၊ ခံစားရစကောင်း မှန်းပင် မသိ။



mgyoe.com

mgyoe.com SAMPLE BOOK

"အို..."

"ဟောဗျာ.. ပူသွားပြီ ထင်တယ်"

မီးသွေးဇလားထဲမှ မီးသွေးများကို ညှပ်နှင့် ယူပြီး မီးဖိုထဲ ထည့်ရင်း ဘယ်လိုက ဘယ်လို အမှားမှား အယွင်းယွင်း ဖြစ်မိသည် မသိ။ မီးဖိုထဲက မီးခဲ တခဲကို ညှပ်ယူပြီး မီးသွေးဇလားထဲ ပစ်ထည့်လိုက်မိသည်။ မီးခဲမှ ပဲ့၍ စဉ်ထွက် လာသော မီးခဲစကလေးတစ ဖြူ့ခြေထောက်ပေါ် တည့်တည့် လာကျလေသည်။ ပူလည်း ပူ၊ ရှက်လည်း ရှက်နှင့်မို့ ခြေဖမိုးပေါ်က မီးခဲကို လက်နှင့် ဖယ်ထုတ်မိရာ လက်ချောင်းကလေးတွေကိုပါ တဆတ်ဆတ် ခါနေရတော့သည်။

"သိပ်ပူနေရင် မင်ဖြစ်ဖြစ်၊ သကြားရည်ဖြစ်ဖြစ် ဆွတ်ပေးလိုက်ပါလား"

ကိုလွမ်းအောင်က ဖြူ့ခြေဖမိုးကို ကိုယ်ကိုင်း၍ ငုံ့ကြည့်ရင်း တိုက်တွန်း နေ၏။ ဖြူက ထူပူမွှန်နေသော မျက်နှာကို ကြိုးစားမော့ကာ ဘယ်ညာ ယမ်းရင်း-

"ကိစ္စမရှိပါဘူးရှင်၊ တခါတရံ ဖြစ်နေကျပါ၊ မပူပါဘူး"

"အေးတဲ့အရပ် ဆိုတော့ မီးကိုတောင် ပူတယ် မထင်တော့ဘူးပေါ့ဗျာ၊ မီးဆိုတာ နွေးတယ်၊ နော် မမဖြူ"

လက်ဖဝါးချင်း ပွတ်သပ်ဆုပ်နယ်နေရာက ဖြူသည် အမှုမဲ့ အမှတ်မဲ့ ခေါင်းညိတ်ပြလိုက်သည်။ သဲ့သဲ့ရယ်သံများ ကြားမှာ ဖြူ့ပါးပြင်တွေ ပူသည်ထက် ပူလာသည်ကိုသာ အနေရခက်စွာ ခံစားနေမိသည်။

*


mgyoe.com

mgyoe.com SAMPLE BOOK

(၄)

"စတွေ့တဲ့ နေ့ကတည်းက ဖြူ့ကို ကရုဏာ ပိုမိတယ်၊ အင်မတန် သနား ကြင်နာဖို့ ကောင်းတဲ့ မိန်းကလေး တယောက်လို အလိုလို ခံစားမိတော့တာပဲ ဖြူ"

မမသောင်းထံ အသိပေး နားဖောက်ပြီးစက သူ ပြောခဲ့သော စကားတွေ ဖြူ့အသွေး အသားထဲမှာ စွဲနစ်နေသည်။ ဖြူနှင့် ပတ်သက်၍တော့ သူက စကားကို အတိုင်းအတာနှင့် အတော်ကလေး ချင့်ချိန်ပြောလေ့ ရှိပေသည်။

မမသောင်းကို အသိပေးတော့လည်း သူကိုယ်တိုင်ပင် ရိုးရှင်းစွာ -

"ကျွန်တော်ဟာ လူပျိုတယောက်တော့ မဟုတ်ပါဘူး မမသောင်း၊ ဒါပေမဲ့ လူလွတ်တယောက်ပါ၊ အသက်နှစ်ဆယ်ကျော်လောက်က ရွယ်တူ မိန်းကလေး တယောက်ကို ခိုးပြေးဖူးပါတယ်၊ ရက်နှစ်ဆယ်လောက် ပေါင်းသင်းပြီး သူ့မိဘ တွေက အဓမ္မ ပြန်သိမ်းသွားလို့ ကွဲခဲ့ရတယ်၊ ကျွန်တော့်လို ကောင်နဲ့ မတူတန်ဘူး ထင်လို့ပေါ့လေ၊ တွေ့ရာ အရပ်မှာ ခွဲမှာပဲတဲ့၊ အကြိမ်ကြိမ် ပြန်ခိုးချင်ခိုး၊ အကြိမ်ကြိမ် မသေမချင်း လိုက်ကို ခွဲမှာပဲတဲ့၊ အဲသလောက် အငြိုးအတေးကြီးကြတော့ အမျိုး သမီးလည်း စိတ်ဓာတ်ပျက်သွားပုံရတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

ဒီလိုနဲ့ ကျွန်တော်လည်း ကလေကချေ ဖြစ်တဲ့အခါလည်း ဖြစ်၊ ဒါလောက် လူတန်းစား ခွဲချင်ကြတဲ့ လောကကို အန်တုပြီး ကြီးပွားချင်စိတ် ပေါ်တဲ့အခါလည်း ပေါ်နဲ့ စခန်းသွားလာခဲ့တာပါပဲဗျာ၊ ခု ကျွန်တော် စာအုပ်ထုတ်ဝေရေး လောကမှာ အတော်ကလေး အသားကျနေပါပြီ၊ အရင်းအနှီး များများနဲ့ ကိုင်ရင် ကြီးပွားမယ့် နည်းတွေလည်း သိထားပြီ။

လုပ်တဲ့ကိုင်တဲ့အခါ ယောကျ်ားတယောက်အဖို့ နောက်ကနေ ထိန်းထိန်းသိမ်းသိမ်း ကိုင်တွယ်ပေးမယ့် အဖော်တယောက် အမှန် လိုပါတယ်ဗျာ၊ အဲဒီအဖော်ဆိုတာလည်း ကျွန်တော် ကိုယ်၌က အထိုက်အလျောက် အလေးအမြတ် ထားနိုင်သူ ဖြစ်ဦးမှကိုး ခင်ဗျ၊ ဖြူဟာ ကျွန်တော် ငံ့ညှာရမယ့်၊ ကြင်နာမြတ်နိုးနိုင်တဲ့ မိန်းကလေးအဖြစ် ရင်ထဲက တကယ် လှိုက်လှိုက်လှဲလှဲ ခံစားမိလို့ပါ။

ရိုးသားအေးဆေးတဲ့ ဒီလိုမိန်းကလေး တယောက်ကို ကျွန်တော်လို ကောင် ဘယ်လောက် ဆိုးခဲ့ဆိုးခဲ့ မဆိုးရက်ဘူးပေ့ါ ခင်ဗျာ၊ ယောကျ်ားဆိုတာ ရေမြွေကို တုတ်နဲ့ ရိုက်လေ့ မရှိဘူး ခင်ဗျ၊ မြွေဟောက်လိုဟာမျိုးကျမှ သူနိုင်ကိုယ်နိုင် အပြိုင်ကစားချင်တာ၊ ဖြူ့ကို တသက်လုံး စောင့်ရှောက်ခွင့် တောင်းနေတာပါ မမသောင်း၊ ပြီးတော့ သမီးလေး ယမင်းကိုလည်း...”

“အို... ငါ့သမီးအတွက် ထည့်စကားမပြောနဲ့၊ သမီးကိစ္စကို အဖြူ နားလည်ပါတယ်၊ အေးကွယ်၊ မင်း ခုလို ပွင့်ပွင့်လင်းလင်း ရှင်းရှင်းပြောတာ မမသောင်း ကြိုက်သကွဲ့၊ ယောကျ်ား ဆိုတာ ဘယ်လောက် စင်ကြယ်ပါတယ်၊ ဘယ်လောက် ကောင်းပါတယ်လို့ အမွှမ်းတွေ များလာလေလေ မယုံစရာ ကောင်းလေလေပဲကွဲ့။

အဲသလောက် နားလည်လွန်းလို့ ငါ အပျိုကြီး ဖြစ်နေတာပေါ့၊ အေး... မောင်လွမ်းအောင်ရယ်၊ ငါက မင်းထက် ရှင်းရှင်းပြောလိုက်ချင်တယ်၊ မင်းက ကြံရည် ဖန်ရည် ရှိပုံပါပဲ၊ မင်းရဲ့ ‘လွမ်းမျိုးတရာစာပေတိုက်’ ဆိုတာကလည်း ငါ စုံစမ်းကြည့်တော့ အခြေအနေ မဆိုးပါဘူး၊ အရှိန်အဟုန် ကောင်းသားပဲ။

အေး... တခုပဲ အားနည်း ချက် ရှိတာက ငွေရင်းငွေနှီး၊ ဟုတ်တယ် မဟုတ်လား မောင်လွမ်းအောင်၊ မင်းက ဒီထက် လုပ်ငန်းကို တိုးချဲ့ချင်တယ်၊ ငွေလိုတယ်၊ ဟုတ်တယ် မဟုတ်လား။

အဲဒီကွက်လပ်ကို အဖြူက အသင့်အတင့် ဖြည့်နိုင်မှာပါ၊ တယောက် လိုအပ်ချက်ကို တယောက် ဖြည့်စွက်နိုင်မှ အိမ်ထောင်တခု ထမြောက်နိုင်သကွဲ့”

mgyoe.com

စကားရှည်ကြီးတွေကို တယောက်တလှည့်စီ ပြောကြပြီး သည့်နောက် နားဖောက်ခြင်းကိစ္စ ပြီးစီးခဲ့လေသည်။

*

ပင်လယ်ဘူး၊ အင်းတော်၊ ဝန်းသိုနှင့် ကောလင်းတဝိုက်မှာ လှည့်ပတ် ရင်း ဆယ်တန်း စာပေးစာယူသင်တန်း မှတ်စုတွေ၊ အထူးထုတ်တွေ ဖြန့်ဝေနေသော တလတာ ကာလအတွင်းမှာ ဖြူနှင့် ကိုလွမ်းအောင်တို့ ရင်းနှီးခဲ့ရသည်။

လွမ်းမျိုးတရာစာပေသည် ဝတ္ထုတွေချည်းသာမက ဆယ်တန်းအတွက် ဘာသာစုံ စာပေးစာယူ သင်တန်းလည်း ဖွင့်ထားသေးသည်ကို ထိုစဉ်ကမှ ဖြူ သိ ခဲ့သည်။

'ပွိုင့် အဝေးရောက်သင်တန်း' ဆိုသည်ကို ကြားဖူးနားဝ ရှိထားသော် လည်း လွမ်းမျိုးတရာစာပေနှင့် ဆက်နွယ်လိမ့်မည် မထင်။

ကိုလွမ်းအောင်က စာပေထုတ်ဝေရေးလောကတွင် ဂုဏ်သိက္ခာ ရှိသော ထုတ်ဝေရေးချည်းသာမက ပိုက်ဆံရှာသော အလုပ်ပါ တွဲလုပ်မှ ရေရှည် ရပ်တည် နိုင်မည်ဟု ရှင်းပြသည်။

လွမ်းမျိုးတရာစာပေမှ ထုတ်ဝေသော ဝတ္ထုများကို ကြည့်။ စာကောင်း စာသန့် သရုပ်ဖော်ဝတ္ထုလည်း ပါသည်။ အမြတ်အစွန်း သိပ်မရှိလှ။ သို့ကြောင့် လူကြိုက်များသော စာရေးဆရာတွေ၏ ဝတ္ထုများကို အဓိက အားပြု ထုတ်ဝေနေရ သည်။

အများကြိုက် အပျော်ဖတ်တွေချည်း ထုတ်နေ၍လည်း မဖြစ်ပြန်။ စာအုပ်တိုက် တတိုက်၏ ဂုဏ်သိက္ခာအတွက် သရုပ်ဖော် ဝတ္ထုများကိုပါ ထုတ်ဝေ ပေးရခြင်း ဖြစ်သည်။ ထိုနည်းတူ သည့်ထက် ငွေများများရသော စာပေးစာယူ အဝေးရောက် သင်တန်းကို နာမည် တမျိုးနှင့် ဖွင့်ရခြင်း ဖြစ်သည်တဲ့။

စာပေးစာယူသင်တန်း တခုအတွက် စိုက်ထုတ်ရသော အရင်းအနှီး၊ ရင်း နှီးမြှုပ်နှံကာလ၊ ပြန်ရသည့် အမြတ်အစွန်းပမာဏတို့ကို အသေးစိတ် တွက်ချက် ပြလေရာ ဖြူသည် အတော်ကြီးပင် စိတ်ဝင်စားလာခဲ့၏။



mgyoe.com

mgyoe.com SAMPLE BOOK

မူလ တင်ကြို ရွယ်စူးထားသော ကောလင်းမှာပင် ထူထောင်ချင်သည့် စာနယ်ဇင်း ဖြန့်ချိရေး လုပ်ငန်းကိစ္စကလေးကို ကိုယ့်အတွေးထဲက ထုတ်မပြရသေးမီပင် ကိုယ့်ဘာသာ အထင်သေးသလို ဖြစ်သွားတော့သည်။

"သိပ်မြတ်တာပဲနော်"

ကိုလွမ်းအောင်က ဆေးလိပ်မီးခိုးများကို ထောင်းထောင်းထအောင် ဖွာထုတ်ရင်း မျက်တောင်များ မှေးစင်း၍ ကွက်ခနဲ ကြည့်သည်ကို ဖြူ မြင်လိုက်သည်။

"စာပေလုပ်ငန်း ဆိုတာကတော့ အဓိက ရန်ကုန်က ကြိုးကိုင်ထားတာကိုး၊ ရန်ကုန်ကနေပြီး တပြည်လုံးကို ဖြန့်ဝေတယ်၊ ကြေညာတယ်၊ စာအုပ်တအုပ်အတွက် ဂယက်ကလည်း ရန်ကုန်ကမှ စပြီး ပွက်ပွက်ညံနိုင်တာ၊ ရန်ကုန်ကမှ ဘူမိနက်သန် နေရာမှန်၊ အဲဒါကြောင့် ရန်ကုန်က ပင်မ ထုတ်ဝေသူတွေသာ အများဆုံး မြတ်တာပေါ့ မဖြူဖြူခင်ရဲ့"

အားလျော့စိတ် တဝက်၊ အားကျခြင်း တဝက်ဖြင့် ဖြူက ငေးမော နားစိုက်နေမိလေသည်။ သူ ပြောသည့်အတိုင်း ဆိုလျှင် နယ်မှနေ၍ လုပ်ချင်စိတ်ပင် မရှိတော့။ ဘာမှ မသိခင်တုန်းကတော့ အကြောင်းမဟုတ်။ အလုပ်ဖြစ် ပြီးရော သဘောနှင့် မစိုမပို ရသမျှ အမြတ်အစွန်းကလေးကို ရောင့်ရဲနိုင်မည်။ ခုလို ဘာတွေ လုပ်နိုင်လျှင် ဘယ်လောက်အထိ မြတ်မည် ဆိုတာ တိတိကျကျ နားလည်ပြီးမှတော့ လောဘတက်သည်ဟု မဆိုနိုင်သော်လည်း အသေးအဖွဲ ကိစ္စနှင့် အချိန်ကုန်လွန် မခံလိုတော့တာ အမှန်ပင်။

ဖြူက ကိုလွမ်းအောင်၏ ဆေးလိပ်မီးခိုးများကို မသိမသာ ဖယ်ရှားရင်း သူ့မျက်နှာကို ခိုးကြောင်ခိုးဝှက် ကြည့်သည်။ စီးပွားရေး ကြီးပွားရေး လမ်းစကို ကျွမ်းကျွမ်းကျင်ကျင် နားလည်ပါလျက် ငွေကြေးလိုအပ်ချက် တခုတည်းကြောင့် အလုပ်မဖြစ်ရှာသူပါကလား။ ဖြူမှာတော့ ငွေကြေးအသင့်အတင့် ရှိပါရဲ့ လုပ်ငန်းသဘောတွေ ဘာတွေ တခုမှ နားမလည်။ ဘူမိနက်သန် ရန်ကုန်နှင့် အလှမ်းဝေးကွာလှသော တိုင်းစွန်ပြည်ဖျား နယ်မြို့ကလေး တမြို့မှ နလပိန်းတုံး မိန်းမတယောက်သာ ဖြစ်သည်။

အကယ်၍များ သူ့လုပ်ငန်းတွင် ဖြူက ငွေထည့်၍ စပ်တူလုပ်ဖို့ သဘောတူနိုင်မည် ဆိုလျှင် -

"မဖြူဖြူခင်ရဲ့ ခင်ပွန်း ကွယ်လွန်တာ ကြာပြီလား"


mgyoe.com

mgyoe.com SAMPLE BOOK

ဖြူန်းခနဲ မမျှော်လင့်ဘဲ မျက်နှာတည့်တည့်ကို ရေခဲရေနှင့် အပက်ခံလိုက်ရသလို အခြေပျက်သွားရလေသည်။ ပြောလက်စ လုပ်ငန်းတွေနှင့် လုံးဝ အဆက်အစပ် မရှိသော ကိုယ်ရေးကိစ္စ။

"ရှင်…"

နှုတ်မှ လွတ်ထွက်သွားသည်။

သူက မေးခွန်းကို ထပ်မမေးတော့ဘဲ ဆေးလိပ်ကိုသာ အေးဆေးစွာ ဖွာရှိုက်ရင်း ဖြူ့ကို ငေးစိုက်ကြည့်နေလေသည်။

ဖြူက တုန်လှုပ်ခြင်းကို အတတ်နိုင်ဆုံး ဖုံးဖိကာ ကြိုးစားပြုံးလိုက်ရသည်။ မပီပြင်သော အပြုံးကို ကသီကရီ ထိန်းသိမ်း ပြုပြင်ရင်း –

"လေးလေး ဆုံးတာ လေးနှစ်ကျော်ပါပြီ"

"သြော်.. လေးလေးလို့ပဲ ခေါ်တယ်နော်၊ မဖြူခင်ရဲ့ ဦးလေးလည်း တော်တယ်ဆို"

ဖျတ်ခနဲ သူ့ကို မဝံ့မရဲ မျက်လွှာပင့်ကြည့်မိသည်။ ဖြူ့ကို ထွင်းဖောက်မတတ် စိန်းစိန်း စိုက်ကြည့်နေသော မျက်လုံးများကို ဖြူ အရှည်အကြာ ရင်မဆိုင်ဝံ့။ ဖြူ့ဘဝ တခုလုံး၊ အတိတ်၊ ပစ္စုပ္ပန် နှစ်ကာလလုံးကို ထွင်းဖောက် သိမြင်ထားပုံရသော မျက်လုံးများဟု ထင်သည်။ ပြီးတော့ သည်မျက်လုံးတွေက ဖြူ့အနာဂတ်၊ ဖြူကိုယ်တိုင် ရေရေရာရာ မတွက်ဆနိုင်သော ဖြူ့မနက်ဖြန် များစွာကိုပင် ကြိုတင် ခန့်မှန်းပြီး ဖြစ်သည့်ပုံလို။

ဖြူသည် သူ့မျက်လုံးစိမ်းများကို ပြင်းဆန်အား မရှိလှဘဲ –

"ဟုတ်ကဲ့"

"သြော်… ဒါဖြင့် မမသောင်းနဲ့ကျတော့လည်း အဒေါ်ယောက်မပေါ့ ဟုတ်လား၊ သွေးချင်းတွေပဲ၊ ဒါကြောင့် မဖြူခင်တို့ သားအမိကို မမသောင်းက ပခုံးပေါ် ထမ်းထားတာကိုး"

"ရှင်"

"သြော်.. သိပ်ဂရုစိုက်တယ် ပြောတာပါ၊ ဉာတကာနုဂ္ဂဟ ဝတ္တရားအရ တာဝန်ယူရှာသာမက သံယောဇဉ်ကလည်း တကယ် ကြီးမှကြီး"

မမသောင်းကို ဖြူ ခေါ်သလိုပင် မမသောင်းဟု ခေါ်ကာ ဖြူ့လောက် နီးနီးရင်းရင်းကျွမ်းဝင်လျက် ရှိသည်ကို ဖြူ မအံ့သြတော့ချေ။ နှစ်ဦးစလုံးက ပါးနပ်ချက်ချာ


mgyoe.com

mgyoe.com SAMPLE BOOK

ကာ ထိလွယ်သိလွယ်သူတွေချည်း။ ဖြူလို အိုးတိုးအတ နှေးတိနှေးကွေးများ မဟုတ်။

"ဟုတ်ကဲ့၊ သမီးနဲ့ဆို ပိုပြီး လုံးမိနေသေးတယ်၊ သမီးကလည်း သူကြီးကြီး သောင်းမှ ကြီးကြီးသောင်း၊ ဖြူကိုတောင် ရှိတယ်လို့ မထင်တော့ဘူး"

"ဟုတ်တယ်၊ မဖြူခင်နဲ့ သမီးလေးနဲ့ကျတော့ အဒေါ် ဆိုလည်း ဟုတ်၊ အဘွား ဆိုလည်း ဟုတ်ပေါ့နော်"

"ဟုတ်ကဲ့၊ မမသောင်းက လေးလေးရဲ့ညီမအငယ်ဆုံးလေ၊ ကြားထဲမှာ လေးယောက် ရှိသေးတယ်၊ အားလုံး ဆုံးကုန်ကြလို့"

"ဩော်... ဩော်"

ခဏမျှ စကားဆက် ပြတ်သွားကြပြန်သည်။ သူက ပြာမကြွေဘဲ မီးသေနေသော ဆေးလိပ်တိုကို ပြာခွက်ထဲ ထည့်လိုက်ပြီး ရှေ့တည့်တည့်ရှိ မီးသွေးမီးဖိုနားသို့ တိုးကပ်ကာ လက်ဖျားများကို မှောက်ချည်လှန်ချည် မီးကင်နေသည်။

ဖြူကတော့ ပြာမှုန်တက်စပြုနေသော မီးခဲများကို သံညှပ်ဖြင့် ထိုးဆွ၍ မီးရှိန်တက်အောင် ပြုပြင်ပေးရင်း သူ့လက်ချောင်း ဖြူဖြူသွယ်သွယ် ကလေးတွေကို မသိမသာ ငေးကြည့်နေလေသည်။

"မဖြူခင် စဉ်းစားစေချင်တာ တခု ရှိတယ်ဗျ"

သူ့ ဖော့ဖယောင်း လက်ချောင်းများမှသည် သူ့မျက်နှာဆီသို့ မျက်လုံးများ စွေ့ခနဲ ရောက်သွား၏။ ဖြူ့ဘာသာပင် သတိမထားလိုက်မိ။

"ကျွန်တော့်ကို မဖြူခင် လက်ထပ်နိုင်မလား ဆိုတာပါ၊ ကျွန်တော်ကတော့ တကောင်ကြွက်၊ ဒါပေမဲ့ အသိုင်းအဝိုင်း ဆိုတာ လူတိုင်းမှာ ရှိကြတာပဲ မဟုတ်လား၊ ကျွန်တော့်အကြောင်း မဖြူခင် စုံစမ်းပါ၊ ကြိုက်သလို စုံစမ်းပြီးမှ စဉ်းစားဆုံးဖြတ်ပါ၊ ကဲ... ပြီးရင်တော့ အဖြေကို အတိအကျ သိရပါစေဗျာ"

ကြောင်တောင်ငေး၍ နားထောင်နေမိပြီး သူ့စကားဆုံးမှ ရှက်သွေးနှင့် ရင်ခုန်သံတို့ ကာ ခေါင်းငုံ့ ချလိုက်သည်။ ဘယ်လိုလဲ။ တိုက်ရိုက် စင်းစင်းကြီး ပြောလိုက်ပုံမှာ၊ ရှက်ရတာ အခက်၊ မရှက်ဘဲ နေရသည်လည်း အခက်။

"မဖြူခင် ယုံစေချင်တာ တခုလည်း ပြောရဦးမယ်၊ ကျွန်တော် မဖြူခင်ရဲ့ ဘဝကို သိသင့်သလောက်လည်း သိထားတော့၊ ကျွန်တော် ကရုဏာ ဖြစ်မိတယ် မဖြူခင်၊ တကယ်ပါ၊ ကရုဏာသက်တယ်၊ သနားတယ် ဆိုလို့ မဖြူခင်ကို အထင်


mgyoe.com

mgyoe.com SAMPLE BOOK

အမြင် လျော့ပါးတာ မဟုတ်ပါဘူး၊ စာနာစိတ်နဲ့ ညှာတာချင်တာတွေ၊ ဖေးမကူညီ စောင့်ရှောက်ချင်တာတွေ၊ အဲဒါမျိုးတွေ ဖြစ်လာတာပါ။ ပြီးတော့ မဖြူခင်ရဲ့ ဘဝ အနေအထား၊ မဖြူခင်ရဲ့ စရိုက်သဘာဝ အားလုံးကို ကျွန်တော် နှစ်သက်မိလို့၊ ခံစားမိလို့..."

ခုမှ အားနွဲ့ရစကောင်းမှန်း စတင် နားလည်စပြုသော ဖြူက ခေါင်းကို ငိုက်စိုက်ချထားရင်း အလုပ်မရှိ အလုပ်ရှာပြီး မီးဖိုကိုသာ မီးညှပ်ဖြင့် မဲ၍ ထိုးဆွ နေမိသည်။

"ပြီးတော့၊ မဖြူခင်ရဲ့ သမီးကလေးကိုလည်း သမီးလိုချစ်ပြီး ဖခင်လို စောင့်ရှောက်သွားဖို့ ရင်ထဲက လေးလေးနက်နက် ဆုံးဖြတ်ထားပြီးသားပါ။ မဖြူခင် အဲဒါတွေကိုပါ ထည့်သွင်းတွက်ဆပြီး မဖြူခင် စဉ်းစားပါ။ စုံစမ်းသင့်တာလည်း စိတ်တိုင်းကျ စုံစမ်းပါ၊ ဆုံးဖြတ်ချက်ချပြီးရင်သာ ကျွန်တော် အမြန်ဆုံး သိပါရစေ၊ နော်... မဖြူဖြူခင်၊ ကဲ... ကျွန်တော် ပြန်ပါဦးမယ်၊ ပင်လယ်ဘူးဘက်မှာ ကြာဦးမှာမို့ နှစ်ပတ်လောက်ရှိမှ ပြန်ရောက်မယ်၊ ကောင်းသော လာခြင်းနဲ့ ပျော်ရွှင်စရာ အဖြေ စကား ကြားရတဲ့ကိုယ် ဖြစ်ရပါစေဗျာ"

တည်ငြိမ်စွာ ရယ်မောနှုတ်ဆက်ပြီး သွက်လက်ပေါ့ပါးစွာ ထွက်ခွာသွား သည်အထိ ရင်ထဲမှာ သိမ့်သိမ့်ခါပြီး ကျန်ရစ်ရသည်။ သူကတော့ -

"စကား စပြောကတည်းက အဖြေကို နားလည်ပြီးသား ဖြူရဲ့ ဘာကြောင့် လဲ ဆိုရင် ဖြူက သိပ်ရိုးစင်းတာကိုး၊ ရှက်တာတွေ၊ အားနာတာတွေ၊ စိတ်ဝင်စား နေရာပေးတာတွေက အလိုလို ပေါ်လွင်နေပြီးသားပဲ၊ တော်ပါသေး၊ ကိုယ်လို လူ ကြီး လူကောင်းနဲ့ တွေ့တာ"

သည်တော့မှ ဖြူ ခလုတ်နှိပ်လိုက်ဘိသကဲ့သို့ ဣန္ဒြေယမာန ပြိုးပြက် ချွန် ထက်လာကာ -

"အမယ်... မတော်တရော် လူတိုင်းကိုလည်း မရောပါဘူးတော်၊ အဲသ လောက်လည်း မအပါဘူးနော်၊ အစ်ကိုရယ်"

'ကိုကိုရယ်လို့ ခေါ်ပါ ဖြူရဲ့'

ဟု သူ အားရှိခြင်းနှင့် ပျော်ရွှင်ခြင်း ရောစွက်ထားသော မျက်နှာဝင်း လက်နှင့် အတင်း သင်သည်။ ပြီးတော့ -

"မအဘူး ဆိုတာ ယုံပါတယ်၊ သမီးယောက်မ နှစ်ယောက်၊ အဲ... အဲ တူ


mgyoe.com

mgyoe.com SAMPLE BOOK

ဝရီးနှစ်ယောက် ဆိုပါတော့လေ၊ ကိုကို့အကြောင်း စုံစမ်းလိုက်ကြတာ နှိုက်နှိုက်ချွတ်ချွတ် ခဲခဲယဉ်းယဉ်း၊ ဟဲ... ဟဲ... ဖိုးသက်ကို တမနက်လောက် ခေါ်ပြီး မေးလိုက် စမ်းလိုက်ကြတာ၊ ဟဲ... ဟဲ... ကျေနပ်သွားကြရော ဟုတ်လား"

"အို... ဖိုးသက်က ဖြူတို့ကို ဘယ်တော့မှ လိမ်မပြောဘူး သိလား"

"ကျေးဇူးတင်ပါတယ် ဖြူရယ်၊ အဲဒါတွေကို အချစ်လို့ ခေါ်တာပဲ၊ ဖြူ ကိုကို့ကို တကယ်ချစ်တယ် ဆိုတာ သိလိုက်ရတာပဲ၊ ဒါ တခုအတွက်နဲ့ပဲ ဖြူ့အပေါ် ဒီတသက် ဒီဘဝမှာ ဆိုးချင်ရင်တောင်မှ မဆိုးရက်တော့ပါဘူး"

ထုံးစံအတိုင်း ဖြူကတော့ ငေး၍သာ နားထောင်နေရလေသည်။ ဖြူ့ကို ကိုကို တကယ်ချစ်တယ်ဟု သူ ထုတ်ဖော်ပြနေသည်။ ငြင်းဆန်မည်လား။

ဟင့်အင်း။

ဖြူ မေ့လျော့နေသော ကိစ္စရပ်များကို သူက ထုတ်ဖော်ပြခြင်းသာ ဖြစ်သည်။ ဖြူ့ရင်ထဲမှာ ဘာရှိသည်လဲ ဆိုတာ ဖြူထက် သူက ပိုပြီး သိနှင့်သည်။ ဖြူသည် သူ့ကို အထင်ကြီးပြီးရင်း ကြီးမိတော့ကာ ဘဝလုံး ပုံ၍ ယုံကိုး နွဲ့မှီလိုစိတ်များ ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးဝေဆာလာတော့လေသည်။

*

မမသောင်းမှ တဆင့် သမီးကို အသိပေးရသည်။ ခုနစ်တန်းသို့ ရောက်နေပြီ ဖြစ်သော သမီးက မမျှော်လင့်စွာ အတွေးတွေ ကြည်လင်ဖြောင့်စင်း နေလေသည်။

"အဲဒီ ဦးက ယမင်းတို့နဲ့ ဆွေမျိုးလောက် ရင်းနှီးနေတာပဲ၊ ဆွေမျိုးမဟုတ်ဘဲ ရင်းနှီးရတော့ မေမေ့အတွက် သိပ်မကောင်းဘူးပေါ့နော်၊ ခုတော့ ကောင်းတယ်၊ ဆွေမျိုးအရင်းကြီး ဖြစ်တော့မယ်"

မမသောင်းရော ဖြူပါ လွတ်လပ်ပေါ့ပါးစွာ ရယ်နိုင် ပြုံးနိုင်လာတော့ကာ-

"ယမင်းက ဦးလို့ ခေါ်နေဦးမှာလား"

"ခုတော့ ဦးပဲလေ ကြီးကြီးသောင်းရဲ့၊ နောက်တော့ကျတော့ တမျိုးပေါ့၊ ဖေဖေလို့တော့ မခေါ်ပါဘူး၊ တကယ့် ဖေဖေအစစ်နဲ့ ရောကုန်မယ်၊ သေသွားတာက


mgyoe.com

mgyoe.com SAMPLE BOOK

ယမင်းရဲ့ ဖေဖေ၊ အခု ဦးက အဖေတော့ အဖေပဲ၊ ဒါပေမဲ့ ဖေဖေ မဟုတ်တော့ဘို... အဲ... ဖေဖေအောင်၊ နော် မေမေ... မကောင်းဘူးလား၊ ဖေဖေအောင်လို့"

'သဘောပါအေ' ဟု ဖြူက မပွင့်တပွင့်ပြုံးရင်း စကားစ သိမ်းပစ်လိုက်ရသည်။

မမသောင်း ဦးဆောင်စီစဉ်မှုဖြင့် လူကြီးသူမ ဆယ့်လေးငါးယောက်ကို ပင့်ဖိတ် ကျွေးမွေးပြီးနောက် လင်မယားအရာ မြောက်ခဲ့သည်။ တိုနေ့မှာပင် ကောလင်းမှ ထွက်ခွာခဲ့လေသည်။

*


mgyoe.com